မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

November 22, 2024 Volume 84, Number 14


၂၂.၁၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၉၇.၆၅ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၀.၈၇ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၈.၄၄ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၇.၂၁ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၇၉ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၈၆၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၉.၆၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၀.၅၉ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၇၈ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှု ယမန်နှစ်ထက် အမေရိကန်ဒေါ်လာ ၁၀ သန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့




ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုသည် ယမန်နှစ်နှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၁၀ သန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနထံက သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဧပြီလမှအောက်တိုဘာလကုန်အထိ ပြည်ပသို့ရေထွက်ကုန်ပစ္စည်း မက်ထရစ်တန် ၂၉၀,၀၀၀ ကျော်တင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၈၅ သန်းကျော် ရရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့တင်ပို့ရာတွင် မြန်မာ့ရေထွက်ကုန်များကို တရုတ်၊ဂျပန်၊ ကိုရီးယား၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၄၀ ကျော်ကို နှစ်စဉ် ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့် စက်ရုံပေါင်း ၁၄၀ ကျော် ရှိပြီး ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် နှစ်စဉ်လိုင်စင်သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်ပသို့ အဓိကတင်ပို့သည့် ရေထွက်ကုန်အမျိုးအစားများမှာ ငါးသလောက်၊ ကတ်ကတစ်၊ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ငါးတန်၊ ငါးရှဥ့် ၊ပုစွန် နှင့် ကဏန်း အစရှိသည့် ရေထွက်ကုန်များ ပါဝင်ကြောင်း သိရသည်။

**Source : Popular News Journal**

## ဗီယက်နမ်-မြန်မာကုန်စည်ပြပွဲတွင် နှစ်နိုင်ငံထုတ်ကုန်များပြသသွားမည်



ဗီယက်နမ် – မြန်မာကုန်စည်ပြပွဲကို နိုဝင်ဘာလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ၃ ရက်တိုင်တိုင် ကျင်းပသွားဖို့ရှိပြီး နှစ်နိုင်ငံထုတ်ကုန်တွေပြသသွားဖို့ရှိတယ်လို့ သိရပါတယ်။

အခုကျင်းပမဲ့ **Myanmar –Vietnam Trade Fair 2024** မှာ **Lucky Draw** အနေနဲ့ ရန်ကုန် – ဗန်ကောက် ခရီးစဉ် Air Ticket (One Way)ဟိုတယ်တည်းခိုခွင့်နဲ့အခြားဆုမဲများစွာပါဝင်မယ်လို့ ဆိုပါတယ်။

ကုန်စည်ပြပွဲကြီးမှာ မြန်မာ – ဗီယက်နမ်နှစ်နိုင်ငံမှ စိုက်ပျိုးရေးလုပ်ငန်းသုံးစက်ပစ္စည်းများ၊အိမ်သုံးလုပ်ငန်းသုံး မီးမြှင့်စက်၊ ဘက်ထရီများ၊ ဗီယက်နမ်မှ စားသောက်ကုန်များ၊ ကော်ဖီများ အစရှိတဲ့စားသောက်ကုန်များအပြင် ဖိနပ်မှစလို့ လူသုံးကုန်အမျိုးမျိုးပါဝင်ပြသသွားမယ်လို့ သိရပါတယ်။

ဒါ့ပြင် မြန်မာ့စားသောက်ကုန်၊ လူသုံးကုန်၊ လျှပ်စစ်ပစ္စည်းနဲ့ အိမ်သုံးပစ္စည်းတွေအပြင် Solar System လုပ်ငန်းကြီးများ အပါအဝင် မြန်မာ့လက်မှုအနုပညာပစ္စည်းများ၊ ကျောက်မျက်ရတနာအရောင်းဆိုင်များသာမက Service လုပ်ငန်းများ ဖြစ်တဲ့ သင်တန်းကျောင်းများ၊ Cloud Computing နဲ့ ပတ်သက်တဲ့ Software ကုမ္ပဏီတွေလည်းပါဝင်ပြသထားမှာဖြစ်တယ်လို့ သိရပါတယ်။

**Source** : https://www.mercurymediamyanmar.com/

## ကုန်ဈေးနှုန်း မြင့်တက်နေခြင်းကြောင့် လခစားဝန်ထမ်းများနှင့် အခြေခံလူတန်းစားများအပေါ် သက်ရောက်မှုကြီးမားနေဟု စီမံဘဏ္ဍာဝန်ကြီးပြော



လက်ရှိအခြေအနေတွင်တိုင်းဒေသကြီး၊ ပြည်နယ်များ၌ အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်နေခြင်းကြောင့်ပုံသေဝင်ငွေရရှိသောလခစားဝန်ထမ်းများနှင့် အခြေခံလူတန်းစားများ အပေါ်သက်ရောက်မှုကြီးမားကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုဝင်ဘာ ၂၁ ရက်နေ့တွင် ဝန်ကြီးဌာန၌ ပြုလုပ်ခဲ့သည့် ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေး ကော်မတီ(၄/၂၀၂၄)အစည်းအဝေးတွင် ပြောကြားခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများအနေဖြင့် စားသောက်ကုန်အမျိုးမျိုးနှင့် စက်သုံးဆီ ဖြန့်ဖြူးမှုများကို မြေပြင်အခြေအနေအပေါ် ထိန်းကျောင်းဆောင်ရွက်သင့်သည့် အစီအမံများကိုအသေးစိတ်ညှိနှိုင်းဆွေးနွေးကြရန်နှင့် ဓာတ်မြေသြဇာနှင့်ပိုးသတ်ဆေးတို့ကိုအကျိုးအမြတ်အတွက်ဈေးကစားခြင်းများမရှိစေရေးကြပ်မတ်ထိန်းကျောင်းသွားရန်ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးထုတ်လုပ်မှုများ ပျက်စီးဆုံးရှုံးရခြင်းသည် ကုန်ဈေးနှုန်းတည်ငြိမ်မှုအပေါ်တွင်လည်း သက်ရောက်မှုရှိလာမည်ဖြစ်သည့်အတွက် စပါးစိုက်ပျိုးမှု၊ ထွက်ရှိမှု၊ ပြည်တွင်းစားသုံးမှု၊ အရန်ဆန်နှင့် ပြည်ပတင်ပို့မှုများကို တွက်ချက်စီမံရန်လိုအပ်ပြီး အသား၊ ငါး၊ ဥ ဈေးနှုန်းများ တည်ငြိမ်ရေးအတွက် တိရစ္ဆာန်မျိုးသားပေါက်၊ အစာနှင့် ကာကွယ်ဆေး


စသည့် မွေးမြူရေးဆိုင်ရာ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောသည်။

ထို့ကြောင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဆောင်ရွက်ပေးသင့်သည့် ရေတို၊ ရေရှည်အစီအမံများကို ဝိုင်းဝန်းဆွေးနွေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးက တိုက်တွန်းပြောကြားခဲ့သည်။

ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီကို ၂၀၂၃ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊စားသုံးဆီ၊သားငါး၊ဥနှင့်မီးဖိုချောင်သုံးကုန်ပစ္စည်းများဈေးနှုန်းတည်ငြိမ်ရေး၊ ပြည်တွင်းလိုအပ်ချက်နှင့် ထုတ်လုပ်မှုပမာဏ ညီညွတ်မျှတရေး၊ ကုန်စည်စီးဆင်းမှု အဝင်အထွက်မှန်ကန်ရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်မှုပျက်ပြားစေမည့် ကိစ္စရပ်များအားဥပဒေနှင့်အညီ ကြီးကြပ်ရေးလုပ်ငန်းများကို ကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Source : Popular News Journal**

## ဆင်ဖြူဂိတ်မှကုန်သယ်ခွင့် တရုတ်ဘက်ကပြန်ဖွင့်၊ ဟင်းသီးဟင်းရွက်များဈေးကျဆင်းဟုဆို



ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့ရှိ ဆင်ဖြူဂိတ်မှ ကုန်ပစ္စည်းသယ်ယူခွင့်ကို နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် တရုတ်ဘက်မှ ပြန်လည်ခွင့်ပြုပေးလိုက်ခြင်းကြောင့် အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ ဈေးကျဆင်းလာကြောင်း ဒေသခံများထံက သိရသည်။

ယခုလ နိုဝင်ဘာ ၁၀ ရက် ညပိုင်းမှ စတင်ကာ တရုတ်မြန်မာနယ်စပ်ရှိဆင်ဖြူဂိတ်ကိုတရုတ်ဘက်ကကုန်သယ်ယူခွင့် ရုတ်တရက်ပိတ်လိုက်ခြင်းကြောင့် မြန်မာဘက်သို့ဝင်မည့် ကုန်ကားများ ရာနှင့်ချီပိတ်မိခဲ့ပြီး ခရမ်းချဉ်သီး တစ်ပိဿာ ၂၀,၀၀၀ ကျပ်၊ ရုံးပတီသီးတစ်ပိဿာ ၂၀,၀၀၀ ကျပ်အထိ ကုန်ဈေးနှုန်းများ အဆမတန်မြင့်တက်ခဲ့သည်။

“မူဆယ်မြို့မှာ ကုန်စိမ်း၊ အသီးအနှံတွေနဲ့ စက်သုံးဆီတွေက တရုတ်နိုင်ငံက ဝင်တာကို အဓိက မှီခိုနေရတာ။ ဆင်ဖြူဂိတ်ကနေ ကုန်သယ်ခွင့်ပိတ်ပင်လိုက်တဲ့ ၁၀ ရက်အတွင်းမှာ ကုန်ဈေးနှုန်းတွေ မြင့်တက်ခဲ့ တယ်။ အခု တရုတ်ဘက်က ဆင်ဖြူဂိတ်ကို ပြန်ဖွင့်ပေးလိုက်တဲ့အတွက် ဒီနေ့မနက် ခရမ်းချဉ်သီးတစ်ပိဿာ ၁၂,၀၀၀ ကျပ်၊ ရုံးပတီသီးတစ်ပိဿာ ၁၀,၀၀၀ ကျပ် အထိ ကုန်ဈေးနှုန်းတွေ ကျဆင်းလာပါတယ်” ဟု မူဆယ်မြို့မှဒေသခံတစ်ဦးကပြောသည်။

လက်ရှိမူဆယ်မြို့တွင် စက်သုံးဆီ 92 တစ်လီတာ ပြင်ပဈေး ၉,၀၀၀ ကျပ်မှ ၁၀,၀၀၀ ကျပ်အထိရှိပြီး၊ ပေါ်ဆန်မွှေး ၂၄ ပြည်တစ်အိတ်လျှင် ကျပ် သုံးသိန်း၊ ဆန်ကြမ်း ၂၄ ပြည် တစ်အိတ်လျှင် ကျပ်နှစ်သိန်း အထိရှိကြောင်း သိရသည်။

**Source : The Standard Time Daily**

## မင်းဘူး (စကု)မြို့နယ်၌ ပဲစင်းငုံဧက ၆၀၀၀ ကျော်စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ဒေသခံတောင်သူများသည် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံကို ရာသီအလိုက်စိုက်ပျိုးကြကာ ယခုနှစ်တွင် ဈေးကွက်ဝင်ပဲတစ်မျိုး ဖြစ်သည့် ပဲစင်းငုံဧက ၆၀၀၀ ကျော်စိုက်ပျိုးထားရာ အပင်များအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ပဲစင်းငုံဧက ၆၀၀၀ ကျော် စိုက်ပျိုးထားကာ မျိုးအနေဖြင့် ပဲစင်းငုံ အဝါမျိုးနှင့်အနီမျိုးများကိုသာ စိုက်ပျိုးကြပြီး ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြခြင်းဖြစ်သည်။

ဇွန်လနှင့်ဇူလိုင်လတို့တွင် စတင်စိုက်ပျိုးကြပြီး တစ်ဧကလျှင် စိုက်ပျိုးစရိတ်စုစုပေါင်း ငွေကျပ် သုံးသိန်းခန့်ကုန်ကျကြောင်း သိရသည်။

ယခင်နှစ်က ပဲစင်းငုံတစ်ဧကလျှင် ၁၀ တင်းခန့်ထွက်ရှိပြီး စိုက်ပျိုးမြေအနေအထား၊သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ အထွက်နှုန်းကွာခြားမှုရှိကြောင်း သိရသည်။

"လက်ရှိ ပဲစင်းငုံစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းနေပါတယ်။သီးနှံပေါ်ချိန်မှာ အထွက်နှုန်းကောင်းပြီး ဈေးကောင်း ရရှိဖို့ တောင်သူတွေ မျှော်လင့်ကြပါတယ်"ဟု ပဲစင်းငုံစိုက်တောင်သူတစ်ဦးက ပြောသည်။

ပဲစင်းငုံသည် ပြည်ပပို့ကုန်သီးနှံတစ်မျိုးဖြစ်ပြီးဈေးနှုန်းကောင်းမွန်ခြင်း၊စိုက်ပျိုးရန်လွယ်ကူခြင်းနှင့် စိုက်ပျိုးမှုကုန်ကျစရိတ်သက်သာ၍အကျိုးအမြတ်များစွာရရှိခြင်းတို့ကြောင့် ဒေသခံတောင်သူများက နှစ်စဉ်တိုးချဲ့ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**Source: မြဝတီသတင်းစာ**

## နှမ်းရောင်စုံဈေးနှုန်းဈေးကွက်

အောင်လံကုန်စည်ဒိုင်တွင် နှမ်းရောင်စုံဖြစ်သည့် နှမ်းနက်(စမုန်)၊ နှမ်းဖြူနှင့်နှမ်းနီသီးနှံတို့ ဝင်ရောက်၍ အရောင်း အဝယ်ဖြစ်လျက်ရှိပါသည်။

အောင်လံကုန်စည်ဒိုင်တွင် နှမ်းနက်(စမုန်)ကို ဒေသအနီးတဝိုက်မှလာရောက်၍ရောင်းချကြသဖြင့် အဓိကရောင်းဝယ်သည့် သီးနှံတစ်ခုလည်း ဖြစ်ပါသည်။

နှမ်းနက်(စမုန်)နှင့် နှမ်းနီတို့မှာ ဈေးအနည်းငယ်ကျဆင်းလာပြီး နှမ်းဖြူမှာ ဈေးအနည်းငယ်မြင့်တက်လာသည်။

ဈေးနှုန်းများအနေဖြင့် ယခင်လတွင် နှမ်းနက်(စမုန်) ၄၅ ပိဿာ ၃ တင်းဝင် တစ်အိတ်လျှင် ကျပ် ၆၅၀,၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ၃တင်းဝင်တစ်အိတ်လျှင် ကျပ် ၃၃၅,၀၀၀၊ နှမ်းနီ ၄၅ ပိဿာ ၃ တင်းဝင်တစ်အိတ်လျှင် ကျပ် ၃၃၅,၀၀၀၊ ယခုလတွင် နှမ်းနက်(စမုန်)၊ ၄၅ ပိဿာ ၃ တင်းဝင် တစ်အိတ်လျှင် ကျပ် ၆၀၀,၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ၃တင်းဝင် တစ်အိတ်လျှင် ကျပ် ၃၄၅,၀၀၀ ၊ နှမ်းနီ ၄၅ ပိဿာ ၃ တင်းဝင်တစ်အိတ်လျှင် ကျပ် ၃၃၀,၀၀၀ ဈေးတို့ဖြင့် အရောင်းဝယ်ဖြစ်ခဲ့သည့်အတွက် နှမ်းနက်(စမုန်)၊ ၄၅ ပိဿာ ၃ တင်းဝင် တစ်အိတ်လျှင် ကျပ် ၅၀,၀၀၀ ၊ နှမ်းနီ ၄၅ ပိဿာ ၃တင်းဝင် တစ်အိတ်လျှင် ကျပ် ၅၀၀၀ တို့ဈေးကျခဲ့ပြီး နှမ်းဖြူ ၄၅ ပိဿာ ၃ တင်းဝင် တစ်အိတ်လျှင် ကျပ် ၁၀,၀၀၀ဈေးအနည်းငယ်မြင့်တက် လာကြောင်း ကုန်စည်ဒိုင်သတင်းများအရသိရသည်။

**Source: မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/article/naypyitaw_22112024_135

## ကြက်သွန်နီဈေးမြင့်တက်လာ

ကြက်သွန်နီသီးနှံတစ်မျိုးတည်း အရောင်းအဝယ်ပြုလုပ်သည့် ဆိပ်ဖြူကြက်သွန်ကုန်စည်ဒိုင်တွင် ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်၍ အရောင်းအဝယ်လည်း သွက်လျက်ရှိကြောင်း သိရသည်။

ယခုကာလသည် အလှူအတန်းပေါ်များသည့်ကာလဖြစ်ခြင်း၊ ကြက်သွန်နီအသစ်များ မပေါ်သေးမီ ကြက်သွန်နီ အဟောင်းများ လက်ကျန်နည်းချိန်ဖြစ်၍ ကြက်သွန်နီဈေးများ မြင့်တက်လာခဲ့သည်။

ကြက်သွန်နီဈေးများမှာ သီတင်းကျွတ်ကာလ နောက်ပိုင်းတွင် ပို၍ဈေးမြင့်လာသည်။

သီတင်းကျွတ်မတိုင်မီကာလတွင် ကြက်သွန်နီတစ်ပိဿာ ကျပ် ၁၂၀၀ မှ ၁၈၀၀ သီတင်းကျွတ်ကာလတွင် ကြက်သွန်နီ တစ်ပိဿာ ကျပ် ၁၃၀၀ မှ ၃၅၀၀၊ သီတင်းကျွတ်ကာလ နောက်ပိုင်းတွင် ကြက်သွန်နီတစ်ပိဿာ ကျပ်၂၀၀၀ မှ ၃၉၀၀ ဈေးအထိ

တဖြည်းဖြည်း ဈေးတက်လာသည်။

ကြက်သွန်ကုန်စည်ဒိုင်သို့ တစ်ရက်လျှင် ပိဿာချိန် ၁၀,၀၀၀မှ ၆၀,၀၀၀ ကြားဝင်ရောက်၍ အရောင်းအဝယ်ဖြစ်နေသောကြောင့် ဈေးတက်နေသော်လည်း အရောင်းအဝယ်သွက်နေကာ ကြက်သွန်စိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source:မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/article/naypyitaw_22112024_130

## ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့် ရွေးချယ်သည့်စွမ်းအင်ဝန်ကြီးမှာ Fracking နည်းဖြင့် ရေနံတူးဖော်မှုကိုထောက်ခံသူတစ်ဦးဖြစ်ကာ ရာသီဥတုပြောင်းလဲမှုကို အယုံအကြည်မရှိသူတစ်ဦးလည်းဖြစ်

ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်သည် Liberty Energy ၏အမှုဆောင်အရာရှိချုပ် Mr. Chris Wright အား စွမ်းအင်ဝန်ကြီးအဖြစ် ၁၆-၁၁-၂၀၂၄ ရက်တွင် ရွေးချယ်ခဲ့ပါသည်။

Mr. Chris Wright သည် Fracking နည်းဖြင့် ရေနံတူးဖော်ထုတ်လုပ်မှုကို အားပေးသူတစ်ဦးဖြစ်ပြီး အမေရိကန်နိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုမြင့်မားလာစေရန် ဆောင်ရွက်နေသူတစ်ဦးဖြစ်ကြောင်း၊ ၎င်း၏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ဘီလီယံတန်ဖိုးရှိ Liberty Energy စွမ်းအင်ကုမ္ပဏီသည် Fracking နည်းဖြင့် ရေနံတူးဖော်ရန် မြေအောက်ရှိ ရေနှင့်သဲတို့ကို စုပ်ထုတ်လျက်ရှိကြောင်း၊ ၎င်းသည် ကမ္ဘာ့လူဦးရေအများစု၏ စီးပွားရေး၊ ကျန်းမာရေးနှင့် အခွင့်အလမ်းများ တိုးတက်ရန်အတွက် သဘာဝလောင်စာ (Fossil fuel) အသုံးပြုမှုကြောင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားခြင်းဖြင့် လူသိများလာသူတစ်ဦးဖြစ်ကြောင်းနှင့်ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည် ဟိုက်ဒရိုကာဗွန်အသုံးပြုမှုကို အလုံးစုံအစားထိုးလုပ်ဆောင်နိုင်ခြင်းမရှိဟု ဆိုသူတစ်ဦးလည်းဖြစ်ကြောင်း သိရသည်။

North Face အမှတ်တံဆိပ်အဝတ်အထည်ကုမ္ပဏီက ၎င်း၏အင်္ကျီတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီတစ်ခု၏ ကုမ္ပဏီတံဆိပ်ထည့်သွင်းရိုက်နှိပ်၍ ရောင်းချရန် ငြင်းပယ်ခဲ့ခြင်းအပေါ် Mr. Chris Wright က အမေရိကန်နိုင်ငံ၊ ဒန်ဗာမြို့ရှိ ကြော်ငြာဘုတ်ကြီးတစ်ခုငှားရမ်းကာ “North Face တံဆိပ်လေအိတ်အင်္ကျီဟာသင့်ကိုယ်ပေါ်မှာကြည့်ကောင်းပါတယ်၊ ဒီအင်္ကျီကို သဘာဝလောင်စာနဲ့ထုတ်လုပ်တာဖြစ်ပါတယ် (That North Face Puffer looks great on you. And it was made from fossil fuels.” ဟု ရေးသားကြေညာခဲ့သူဖြစ်ကြောင်းလည်း သိရသည်။

Mr.Chris Wright က စွမ်းအင်ကဏ္ဍအပေါ်နိုင်ငံရေးအကျိုးအမြတ်အတွက် အသုံးချမှုကိုစွန့်လွှတ်သင့်သည်ဟု အင်တာဗျူးတစ်ခုတွင်ဖြေကြားခဲ့ပြီး ၎င်းကဒီမိုကရက်တစ်ပါတီဝင်များသည် ရာသီဥတုပြောင်းလဲမှုအကြပ်အတည်းကို စစ်ပွဲတစ်ခုဟုခေါ်ဆိုပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုခက်ခဲရန် လုပ်ဆောင်လျက်ရှိသည်ဟုလည်း ပြောကြားခဲ့သည်။

စွမ်းအင်ကုမ္ပဏီအမှုဆောင်အရာရှိချုပ်အများစုသည် Exxon ၊ Chevron နှင့် Occidental Petroleum ကုမ္ပဏီတို့နှင့် ဆန့်ကျင်ဘက်သဘောထားများရှိပြီး ယင်းကုမ္ပဏီများက အဆိုပြုသည့် ကာဗွန်ထုတ်လုပ်မှု လျှော့ချခြင်းနှင့် ကာဗွန်ထုတ်လုပ်မှုမရှိသည့်နည်းပညာများအပေါ် အခွန်သက်သာခွင့်များနှင့် မီသိန်းဓာတ်ငွေ့ ထုတ်လုပ်မှု ဆိုင်ရာလုပ်ထုံးလုပ်နည်းများသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို ဟန့်တားစေသဖြင့် ဆန့်ကျင်ကြခြင်းဖြစ်ကြောင်း၊ Exxon ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Mr. Darren Woods က ရွေးကောက်ခံ သမ္မတဒေါ်နယ်ထရမ့်၏မူဝါဒနှင့် ရေနံကုမ္ပဏီကြီးများအကြား မူဝါဒဆိုင်ရာသဘောထားကွဲပြားနိုင်ပြီး ရွေးကောက်ခံသမ္မတအနေဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာပဲရစ်သဘောတူညီချက် (Paris Climate Agreement) မှ ဒုတိယအကြိမ် နုတ်ထွက်ခြင်းမပြုသင့်ဟု ပြောကြားခဲ့သည်။

Mr. Chris Wright နှင့် ၎င်း၏ဇနီးတို့သည် ဒေါ်နယ်ထရမ့်၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုများအတွက် အမေရိကန်

ဒေါ်လာ ၅၄၀,၀၀၀ ထည့်ဝင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် Mr. Chris Wright သည် ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်နှင့်နီးစပ်သူ Continental Resources ကုမ္ပဏီတည်ထောင်သူသန်းကြွယ်သူဌေး Mr. Harold Hamm နှင့် ရင်းနှီးသူတစ်ဦးဖြစ်ရာ Mr. Harold Hamm ၏အကြံပြုချက်ကြောင့် ၎င်းအားစွမ်းအင်ဝန်ကြီးအဖြစ် ရွေးကောက်ခံသမ္မတက ရွေးချယ်ခံခြင်းဖြစ်ကြောင်း သိရသည်။

Mr. Chris Wright သည်မန်ဆာချူးဆက်နည်းပညာတက္ကသိုလ်မှ အင်ဂျင်နီယာဘွဲ့ရတစ်ဦးဖြစ်ပြီး ၂၀၁၁ ခုနှစ်တွင် Liberty Energy ကို တည်ထောင်ခဲ့ကြောင်း၊ စွမ်းအင်လုပ်ငန်းများနှင့်ပတ်သက်၍ ကာကွယ်ပြောဆိုသည့် ရုပ်သံလိုင်းအစီအစဉ် များတွင် မကြာခဏ ပါဝင်ဆွေးနွေးသူတစ်ဦးဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် ၎င်း၏ LinkedIn အကောင့်၌ " ရာသီဥတုပြောင်းလဲမှုအကြပ်အတည်းမရှိသကဲ့သို့ သန့်စင်သော စွမ်းအင်အသုံးပြုမှုသို့ ကူးပြောင်းခြင်းလဲမရှိ" ဟု ၎င်းအနေဖြင့်ယုံကြည်ကြောင်း ဗွီဒီယိုအတိုတစ်ခုကိုလွှင့်တင်ခဲ့ရာ LinkedIn ကုမ္ပဏီက ယင်းဗွီဒီယိုကိုဖြုတ်ချခဲ့ကြောင်း၊ ယင်းသို့ဖြုတ်ချခဲ့ခြင်းနှင့်ပတ်သက်၍ ၎င်းက Microsoft ကုမ္ပဏီပိုင်စီးပွားရေးလုပ်ငန်းများသည်စွမ်းအင်နှင့်ရာသီဥတုဆိုင်ရာ မှားယွင်းသည့်အကြောင်းအရာများကို ကာကွယ်ပေးနေသည်ဟုဝေဖန်ခဲ့ကြောင်း၊ ထို့နောက်တွင် LinkedIn အား ၎င်း၏ဆုံးဖြတ်ချက်အပေါ် အယူခံဝင်ခဲ့ပြီးနောက် ၎င်းတို့၏မူဝါဒနှင့် ဆန့်ကျင်မှုမရှိဟု LinkedIn ဆုံးဖြတ်ခဲ့ပြီး ဗွီဒီယိုကို ပြန်လည်လွှင့်တင်ခွင့်ပြုခဲ့ကြောင်း သိရသည်။

**Source: Wall Street Journal**

**စီးပွားရေးသံမှူး၊ဝါရှင်တန်ဒီစီ**

https://myantrade.gov.mm/

## နိုဝင်ဘာလလယ်ထိ ထိုင်းသို့ ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှု သန်း ၃၀ ကျော်

ထိုင်းနိုင်ငံသည် နိုဝင်ဘာလလယ်အထိ ကမ္ဘာလှည့်ခရီးသွား ၃၀ ဒသမ ၅၆ သန်းကျော်စံချိန်တင်ဝင်ရောက်ခဲ့ပြီး ယမန်နှစ်အစောပိုင်းကာလထက် ၂၉ ရာခိုင်နှုန်းမြင့်တက်လာသည်ဟုလည်းသိရသည်။

ယင်းသို့လာရောက်လည်ပတ်သူများအနက် တရုတ်ခရီးသွား ၅ ဒသမ ၉၇ သန်းအထိရှိခဲ့ကာ မလေးနိုင်ငံသား ၄ ဒသမ ၃၆ သန်းအထိရှိကာ အိန္ဒိယမှခရီးသွားဧည့်သည်ဝင်ရောက်မှု ၁ ဒသမ ၈၂ သန်းအထိရှိခဲ့ကြောင်း ထိုင်းအားကစားနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနကထုတ်ပြန်ကြေညာခဲ့သည်။

ဆက်လက်၍လည်း ဝန်ကြီးဌာနအနေဖြင့် လာမည့်ခရီးသွားရာသီဖြစ်သည့် နှစ်ကုန်ပိုင်းတွင် ယခုထက်ပိုကာ ခရီးသွားများဝင်ရောက်လာနိုင်ကြောင်းခန့်မှန်းထားပြီး လေကြောင်းခရီးစဉ်များတိုးချဲ့နိုင်ခြင်းကလည်း ခရီးသွားတိုးစေသည့်အကြောင်းအရင်းများအနက်တစ်ခုအပါအဝင်ဖြစ်သည်ဟုဆိုခဲ့သည်။

ထိုင်းနိုင်ငံသည် ယခုနှစ်အတွက် ခရီးသွားလုပ်ငန်းမှ ဘတ်ငွေ ၁ ဒသမ ၄၃ ထရီလီယံ (၄၁ ဒသမ ၄၀ ဘီလီယံဒေါ်လာ) အထိရရှိထားကာ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနကမူ ယခုနှစ်အတွက် ခရီးသွားလုပ်ငန်းအခွန်အဖြစ် ဘတ်ငွေ ၃ ဒသမ ၅ ထရီလီယံအထိရရှိရန်ခန့်မှန်းထားသည်ဟုလည်းသိရသည်။

ခရီးသွားလုပ်ငန်းသည် ထိုင်းနိုင်ငံအတွက် နိုင်ငံခြားဝင်ငွေရရှိသည့် အဓိကလုပ်ငန်းတစ်ခုလည်းဖြစ်ပြီး ယခုနှစ်၏ ဒုတိယသုံးလပတ်အတွင်း ခရီးသွားလုပ်ငန်းဝင်ငွေသည် နိုင်ငံ GDP ၏ ၁၄ ဒသမ ၁၆ ရာခိုင်နှုန်းရှိသည်ဟုလည်းသိရသည်။

**Source : ရှင်းဟွာ**

**Popular News Journal**

## VinFast က ဗီယက်နမ်ဈေးကွက်တွင် အရောင်းရဆုံး ကားအမှတ်တံဆိပ်ဖြစ်လာ



ဗီယက်နမ်နိုင်ငံအခြေစိုက် Vingroup ၏ ကုမ္ပဏီခွဲဖြစ်သည့် VinFast သည် အောက်တိုဘာလတွင် EV အစင်း ၁၁,၀၀၀ ရောင်းချခဲ့ပြီး ၂၀၂၄ ၏ ပထမဆယ်လတာကာလအတွက် စုစုပေါင်းအစင်းရေ ၅၁,၀၀၀ ရောင်းချခဲ့ရသည့်အတွက် ဗီယက်နမ်တွင် အရောင်းရဆုံး ကားအမှတ်တံဆိပ်အဖြစ် ရပ်တည်ခဲ့ကြောင်း သိရသည်။

VF 3 နှင့် VF 5 တို့မှာ အရောင်းရဆုံးမော်ဒယ်များဖြစ်ပြီး အစင်းရေ ၅၀၀၀ နီးပါးနှင့် ၂၆၀၀ ကျော် အသီးသီးရောင်းချခဲ့ ရကြောင်း သိရသည်။

VF 6၊ VF 7၊ VF 8၊ VF 9နှင့် VF e34 တို့ပါဝင်သော အခြားမော်ဒယ်များမှာလည်း အထင်ကြီးဖွယ် ရောင်းချရမှုပမာဏရှိခဲ့ပြီး စားသုံးသူများ၏ လျှပ်စစ်မော်တော်ယာဉ်များနှင့် အစိမ်းရောင်အရွေ့ဆီသို့ ဦးစားပေးမှုကြီးထွားလာခြင်းကို ရောင်ပြန်ဟပ်နေကြောင်းသိရသည်။

ဗီယက်နမ်၏ အရောင်းရဆုံး ကားအမှတ်တံဆိပ်အဖြစ် VinFast ၏ အောင်မြင်မှုသည် ပြည်တွင်း မော်တော်ယာဉ်လုပ်ငန်းနယ်ပယ်အတွက် သိသာထင်ရှားသော အလှည့်အပြောင်းတစ်ခု ဖြစ်ခဲ့ကြောင်းသိရသည်။

VinFast သည် ဈေးကွက်အတွင်းဝင်ရောက်လာသည့် ၅ နှစ်အတွင်း အားကောင်းသောအနေအထားကို တည်ထောင်နိုင်ရုံသာမက ပြည်ပကားအမှတ်တံဆိပ်များကိုတရားဝင်ကျော်ဖြတ်ကာအကြီးမားဆုံးဈေးကွက်ဝေစုကိုရယူနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ၎င်းတို့သည် ခေတ်ဆီစွမ်းအင်သုံး မော်တော်ကားအမှတ်တံဆိပ်များကို ကျော်ဖြတ်နိုင်သည့် ပထမဆုံး EV အမှတ်တံဆိပ်ဖြစ်ခဲ့ပြီး သန့်စင်သောလျှပ်စစ်ကုမ္ပဏီအဖြစ် အသွင်ကူးပြောင်းပြီးနောက် ၂ နှစ်အတွင်း ဈေးကွက်ကို ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**VietnamPlus**

DOCA(ရန်ကုန်)

https://www.doca.gov.mm/my/node/27037

TIR

## STOCK EXCHANGE (22.11.2024)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 22nd Nov. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,975 (Shares) | 37,523,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,400 | 1,165 | 9,889,900 | 33,109,694 | 281,432 |
| MTSH | 00002 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,200 | 1,492 | 4,844,000 | 38,929,150 | 126,520 |
| MCB | 00003 | 8,400 | -100 | -1.18% | 8,400 | 8,400 | 8,400 | 186 | 1,562,400 | 10,400,986 | 87,368 |
| FPB | 00004 | 2,000 | +0 | +0.00% | 1,950 | 2,000 | 1,950 | 1,569 | 3,060,100 | 29,664,613 | 59,329 |
| TMH | 00005 | 3,150 | -150 | -4.55% | 3,150 | 3,150 | 3,150 | 1,834 | 5,777,100 | 12,823,224 | 40,393 |
| EFR | 00006 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 600 | 1,080,000 | 19,977,223 | 35,959 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,400 | 4,500 | 4,400 | 913 | 4,107,700 | 10,497,598 | 47,239 |
| MAEX | 00008 | 3,300 | +50 | +1.54% | 3,250 | 3,300 | 3,250 | 2,216 | 7,202,500 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Search...

Home > Main Board > Market Data > Market summary


## Market summary

As of 22nd Nov. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 401.23 | -0.94 | -0.23% | 399.81 | 401.23 | 398.23 | 9,975 | 37,523,700 | 8 | 756,796 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 22nd Nov. 2024

| Trading Volume | Trading Value |
|---|---|
| 9,975 (Shares) | 37,523,700 (MMK) |

## Main Board

As of 1:00 pm, 22nd Nov. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,975 (Shares) | 37,523,700 (MMK) |

**MYANPIX** 401.23 ▼ 0.94

| | |
|---|---|
| Total Volume (shares) | 9,975 |
| Total Value (MMK) | 38 mil |
| Listed Company | 8 |
| Market Cap. (MMK) | 756,796 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,250 | ▲ 0 |
| MCB | 00003 | 8,400 | ▼ 100 |
| FPB | 00004 | 2,000 | ▲ 0 |
| TMH | 00005 | 3,150 | ▼ 150 |
| EFR | 00006 | 1,800 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,300 | ▲ 50 |